# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
# မိုးခေါင်ရေရှားဘေးနှင့် မီးဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်နှင့် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေ အစီရင်ခံစာ

အမှတ်စဉ် -၁
ထုတ်ဝေသည့် ရက်စွဲ။
(၂၉-၃-၂၀၁၆)

## သတင်းခေါင်းစဉ်



*သတင်းအရင်းအမြစ် - မီးသတ်ဦးစီးဌာန*

၁။ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်း (East-Central Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ပိုင်းရက်များအထိ အားအလွန်ကောင်းသည့် အယ်လ်နီညိုအဆင့်ထိ ရောက်ရှိအောင် ပူနွေးနေခဲ့သော်လည်း မတ်လဆန်းပိုင်းမှစ၍ အားအသင့်အတင့်ရှိသည့် အယ်လ်နီညိုအဆင့်သို့ လျော့ကျလာခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် အယ်လ်နီညိုဖြစ်စဉ်ပြီးဆုံးနိုင်ပြီး၊ ပုံမှန်ဖြစ်စဉ်သို့ ပြောင်းလဲသွားနိုင်ကြောင်း အယ်လ်နီညိုဖြစ်စဉ်ကိုစောင့်ကြည့်လျက်ရှိသည့် နိုင်ငံတကာ မိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများမှ ထုတ်ပြန်အသိပေးထားပါသည်။

၂။ အာဆီယံဒေသတွင်း အထူးမိုးလေဝသဗဟိုဌာနမှ မြန်မာနိုင်ငံတွင် အပူချိန်မြင့်မားခြင်းနှင့် မီးဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားခြင်းတို့အတွက် ဆန်းစစ်လေ့လာမှုများနှင့် ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကြိုတင်သတိပေးချက်များတွင် အပူချိန်မြင့်တက်မှုကြောင့် မီးခိုးမြူထုများပိုမို

ကျရောက်နိုင်ခြင်း၊ အပေါ်ယံမြေဆီလွှာ အလွန်အမင်းခြောက်သွေ့ခြင်း၊ မြက်ခင်းများ၊ စားကျက်မြေများတွင် ပူပြင်းခြောက်သွေ့ခြင်းကြောင့် အလွယ်တကူ မီးလောင်ကျွမ်းနိုင်ခြင်း၊ မီးစွဲလောင်နိုင်ခြေများ ပိုမိုမြင့်မားခြင်းနှင့် ရေပြတ်လပ်မှုများ ကြုံတွေ့ရနိုင်ကြောင်း ဖော်ပြပါရှိပါသည်။ (၂၈-၃-၂၀၁၆)ရက်နေ့တွင် ထိုင်းနိုင်ငံအစိုးရ၏ သတင်း ထုတ်ပြန်မှုများအရ လက်ရှိအယ်လ်နီညိုဘေးအန္တရာယ်ကြောင့် မိုးခေါင်ရေရှားမှုအခြေအနေမှာ ပိုမို ကြာမြင့်နိုင်သည့်အပြင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူထုမှုများမှာ စိုးရိမ်ရသည့်အနေအထားတွင် ရှိနေကြောင်း ဖော်ပြထားပါသည်။

## အဓိကသတင်းစကား

၃။ အဓိက သတင်းစကားများအနေဖြင့် အောက်ပါအတိုင်း အနှစ်ချုပ် ဖော်ပြအပ်ပါသည်-

- အာဆီယံ အထူးမိုးလေဝသဗဟိုဌာနနှင့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့မှ ရရှိသော သတင်းအချက်အလက်များအရ လာမည့် (၃)လအတွင်း အယ်လ်နီညိုကြောင့် အပူချိန်မြင့်တက်မှုကို ဆက်လက်ကြုံတွေ့ရနိုင်ကြောင်း၊ ၎င်းနှင့်ဆက်စပ်၍ မီးဘေး၊ မိုးခေါင်ရေရှားဘေး၊ ကျန်းမာရေးနှင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ပြဿနာရပ်များ ကြုံတွေ့ရနိုင်၊
- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အယ်လ်နီညိုဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျော့ပါးရေးအတွက် လိုအပ်သည့်အစီအမံများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့များ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအား ညွှန်ကြားချက်များ ချမှတ်ဆောင်ရွက်လျက်ရှိ၊
- (၂၀၁၆) ခုနှစ်၊ မတ်လ(၂၁)ရက်နေ့အထိ တစ်နိုင်ငံလုံးတွင် မီးလောင်ကျွမ်းမှုအကြိမ် စုစုပေါင်း (၅၈၂)ကြိမ် ဖြစ်ပွားခဲ့၊
- နိုင်ငံတစ်ဝှမ်းလုံးတွင် ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း သောက်သုံးရေပြတ်လပ်မှု ကြုံတွေ့ရသည့် ကျေးရွာအရေအတွက် စုစုပေါင်း(၉၁၈)ရွာခန့်ရှိနိုင်ကြောင်း ခန့်မှန်း၊
- နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ (၂၀၁၆) ခုနှစ်၊ မတ်လ (၂၄) ရက်နေ့အထိ ရေရှားပါးခက်ခဲသည့် ကျေးရွာပေါင်း (၁၈၆)ရွာသို့ ရေဂါလံ စုစုပေါင်း (၁,၃၅၁, ၇၄၈)ဂါလံ ဖြန့်ဝေပေးခဲ့ပြီးဖြစ်၊

- သောက်သုံးရေရရှိနိုင်မည့် အခြေခံအဆောက်အဦလိုအပ်ချက်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တွင်းတိမ်(၇၂၇)တွင်း၊ တွင်းနက် (၆၄၆)တွင်း၊ လက်တူးတွင်း (၁၄၅)တွင်း၊ ရေကန် (၃၃၉)ကန်၊ အုတ်ရေကန်(၁၇၁)ကန်နှင့် အခြားကန် (၁၅၀) ကန် လိုအပ်လျက်ရှိ **နောက်ဆက်တွဲ (က)**။

## အခြေအနေသုံးသပ်ချက်

### *နောက်ခံအကြောင်းရင်း*

၄။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့အတွင်း တောင်အမေရိကတိုက် အနောက်ဘက်ပီရူးနိုင်ငံကမ်းခြေမှ အီကွေတာလေပွေများ ပစိဖိတ်သမုဒ္ဒရာ မျက်နှာပြင်ပေါ်တွင် ဖြတ်သန်းတိုက်ခတ်မှုကြောင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ အား အလွန်ကောင်းသည့် အယ်လ်နီညိုအဆင့်၌ တည်ရှိနေပြီး၊ ၂၀၁၆ ခုနှစ်၊ ဇွန်လနောက်ပိုင်းမှသာ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း နိုင်ငံတကာမိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများမှ ထုတ်ပြန်အသိပေးထားကြောင်းသိရသည်။ မြန်မာနိုင်ငံ၌ အယ်လ်နီညိုဘေးအန္တရာယ်အား (၂၀၁၀) ခုနှစ်အတွင်းက နောက်ဆုံးကြုံတွေ့ခဲ့ပါသည်။ အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများကြောင့် ၂၀၁၆ခုနှစ်၊ နွေရာသီကာလများဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလတို့တွင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင်သာ ရွာသွန်းမြဲမိုးရေချိန်များထက် ပိုမိုနိုင်သော်လည်း၊ ကျန်ဒေသများတွင် ရွာသွန်းမှုလျော့နည်းပြီး၊ အပူချိန်မြင့်မားလာခြင်း စသည့်ရာသီဥတုအခြေအနေများ ဖြစ်ပေါ်နိုင်သဖြင့် ပူးပြင်းခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းနှင့် အပူကြောင့်ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ကြုံတွေ့ရနိုင်ပါသဖြင့် စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်းများ စသည့်ကဏ္ဍများတွင် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိရန် လိုအပ်ပါသည်။

### *တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိုးလေဝသကြိုတင်ခန့်မှန်းချက်များ*

၅။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နေ့စဉ်မိုးလေဝသခန့်မှန်းချက်များကို နေ့စဉ် (၁)နေ့လျှင် (၅)ကြိမ်၊ မိုးရွာသွန်းမှုအခြေအနေ၊ အပူချိန်အခြေအနေ၊ မိုးရွာရက်အခြေအနေနှင့် မြူထူဆိုင်းနိုင်သည့် အခြေ

အနေများကို (၁၀)ရက်ပတ်ခန့်မှန်းချက်အနေဖြင့် (၃)ကြိမ်နှင့် လပတ်ခန့်မှန်းချက်အနေဖြင့် (၁)ကြိမ်ထုတ်ပြန်ပေးလျက်ရှိပါသည်။

၆။ အချိန်အခါမဟုတ်မိုးရွာမည့် သတိပေးချက်နှင့် နေ့အပူချိန်များအား နောက်လာမည့် (၃)ရက်မှ (၅)ရက်အတွင်း ဖြစ်ပေါ်နိုင်ခြေများကို ကြိုတင်သတင်းထုတ်ပြန်လျက်ရှိပြီး အယ်လ်နီညိုနှင့်ပတ်သက်၍ ၁၉၅၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုဖြစ်စဉ်များအနက် အားအကောင်းဆုံးဖြစ်ခဲ့သည့် (၁၉၇၂-၁၉၇၃)၊ (၁၉၈၂-၁၉၈၃)နှင့် (၁၉၉၇-၁၉၉၈) ခုနှစ်တို့ထက် ပိုမိုအားကောင်းသော အယ်လ်နီညို (Very Strong EL-Nino) ဖြစ်လာနိုင်ကြောင်းနှင့် မြန်မာနိုင်ငံအတွက်တွင်မူ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ပိုင်းအထိ အားအလွန်ကောင်းခဲ့ပြီး၊ မတ်လဆန်းပိုင်းမှစ၍ အားအသင့်အတင့်ရှိခဲ့ရာ ဇွန်လတွင် ပုံမှန်ဖြစ်စဉ်သို့ ပြောင်းလဲသွားနိုင်ကြောင်း နိုင်ငံတကာမိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများမှ ထုတ်ပြန်အသိပေးထားပါသည်။

၇။ ၂၀၁၆ ခုနှစ်၊ နွေရာသီကာလ (မတ်လ-ဧပြီလ-မေလ) မိုးရေချိန်နှင့် အပူချိန်ခန့်မှန်းချက် အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မိုးရေချိန်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင်၊ ချင်း၊ စစ်ကိုင်း(အထက်ပိုင်း) | ၄၀% မှ ၆၀% | ရွာသွန်းမြဲထက်ပိုမိုရရှိနိုင် |
| ၂ | ရှမ်း(မြောက်) | ၄၀% မှ၅၀% | ရွာသွန်းမြဲအောက် မိုးလျော့နည်းနိုင် |
| ၃ | နေပြည်တော်၊ ရှမ်း(တောင်နှင့်အရှေ့)၊ ကယား၊ ရခိုင်၊ မန္တလေး၊ မကွေး | ၅၀% မှ ၆၀% | |
| ၄ | ကရင်၊ မွန်၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ | ၆၀% မှ ၈၀% | |

ဇယား(၁) မိုးရေချိန်ခန့်မှန်းချက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပုံမှန်အပူချိန်ထက် ပိုနိုင်မှု ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|
| ၁ | ရှမ်း(မြောက်)၊ စစ်ကိုင်း(ထက်) | ၄၀% မှ ၅၀% | ပျမ်းမျှအပူချိန်ထက်ပို |
| ၂ | နေပြည်တော်၊ ကချင်၊ ကယား၊ ရှမ်း(တောင်၊ အရှေ့)၊ မန္တလေး | ၅၀% မှ၇၀% | ပျမ်းမျှအပူချိန်ထက်ပို |
| ၃ | ရခိုင်၊ မွန်၊ ကရင်၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ | ၈၀% | ပျမ်းမျှအပူချိန်ထက်ပို |

ဇယား(၂) အပူချိန်ခန့်မှန်းချက်

## စားနပ်ရိက္ခာဖူလုံမှုအခြေအနေ

၈။ စားနပ်ရိက္ခာဖူလုံရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ခရိုင်၊ ရပ်ကွက်၊ ကျေးရွာများတွင် ဒေသအလိုက် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်နိုင်ရေးနှင့် အထွက်နှုန်းတိုးရေး၊ သက်တမ်းတိုမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ဆန်စပါးနှင့် စားသုံးဆီဖူလုံရေးအတွက် စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေရရှိခြင်းနှင့် လယ်ယာကဏ္ဍလုပ်ငန်းများအား နှစ်စဉ်လျာထားချက်များကျော်လွန်အောင် ဆောင်ရွက်လျက်ရှိပြီး၊ ဒေသတွင်းဝမ်းစာဖူလုံမှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် အရန်မျိုးများ စုဆောင်းထားရှိရန်၊ ပိုးမွှားအန္တရာယ်များမှ စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် သီးနှံစိုက်ခင်းများ စိုက်ပျိုးရေရရှိရန်အတွက် ဆည်ငယ်၊ ကန်ငယ်များမှတစ်ဆင့် ရေရယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးစေရန်၊ ရေမြောင်းများတူးဖော်ဆောင်ရွက်စေရန်၊ လယ်ကွက်များတွင် ပတ်မြောင်း၊ စိပ်မြောင်းများထားရှိစေရေးနှင့် အထွက်နှုန်းလျော့နည်းမှုမရှိစေရေး အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အစားအသောက်နှင့် ဆေးဝါးပစ္စည်းများ ကုန်စျေးနှုန်းပုံမှန်လည်ပတ်မှုရှိ/မရှိကို ကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်း၍ ပြည်သူများ စားဝတ်နေရေး ကျပ်တည်းမှုမရှိစေရန်အတွက် သက်ဆိုင်ရာကုန်သည်များအသင်း၊ စီးပွားရေးလုပ်ငန်းရှင်များ အသင်းတို့နှင့် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးလျက်ရှိပါသည်။

၉။ မွေးမြူရေးကဏ္ဍအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကျွဲ/နွားများဘေးအန္တရာယ် မကျရောက်စေရန် ယာယီပြောင်းရွှေ့ရန်နေရာများထားရှိခြင်း၊ အယ်လ်နီညိုခံစားရသည့်တိရိစ္ဆာန်များအား အရေးပေါ်ကုသနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် အသိပညာပေးဆောင်ရွက်စေခြင်း၊ တိရိစ္ဆာန်များကူးစက်ရောဂါ မဖြစ်ပွားစေရေး ကြိုတင်ဆောင်ရွက်စေခြင်း၊ အစားအစာများရှားပါးမှုမဖြစ်စေရေးအတွက် စားကျက်များရှာဖွေထားရှိခြင်း၊ အပူရှိန်မြင့်မားသောကာလများတွင် ငါးမွေးမြူရေးကန်များရေနည်းပါးလာပြီး ငါးသေဆုံးခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူရေးကန်များမှ ငါးသေဆုံးမှုသတိပေးနှိုးဆော်ချက်များထုတ်ပြန်ထားရှိပါသည်။ ငါးမွေးကန်အတွင်း ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လေ့လှော်ပေးခြင်း၊ အောက်ဆီဂျင်မြင့်တက်စေရန် ဆောင်ရွက်ခြင်း၊ သန့်ရှင်းသောရေသစ်များဖြည့်သွင်းစေခြင်း၊ အပူရှိန်မြင့်မားလာပါက ကန်ပြောင်းရွှေ့မှု ရှောင်ရှားစေခြင်း၊ ရေထုညစ်ညမ်းမှုဖြစ်စေသည့်အစာကျွေးခြင်းအား ရှောင်ကျဉ်စေခြင်း၊ ရေသစ်လဲလှယ်နိုင်ရန် သိုလှောင်ကန်များထားရှိခြင်း၊ အစားအစာရှားပါးမှု မဖြစ်စေရေးနည်းလမ်းအား ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းရေးအတွက် စည်းရုံးပညာပေးခြင်းများဆောင်ရွက်လျက်ရှိပါသည်။ မိုးခေါင်ရေရှားဘေးကို ကြိုတင်ပြင်ဆင်ရာ၌ ငါးမွေးမြူရေးကန်များတွင် ရေခမ်းခြောက်မှုမှကာကွယ်ရန် ရေကန်များစနစ်တကျသန့်ရှင်းစွာထားရှိရေးနှင့် ကန်ရေညစ်ညမ်းမှုများမှဖြစ်ပေါ်လာသည့် ငါးရောဂါများကို ကြိုတင်ကာကွယ်ရန်နှင့် ငါးလုပ်ငန်းရှင်များသို့သတင်းမီဒီယာများ (သို့မဟုတ်) ဌာနပိုင်သတင်းမီဒီယာများမှတဆင့် တစ်နိုင်ငံလုံးသိရှိစေရန် သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ရေအရင်းအမြစ်စီမံခန့်ခွဲမှု

၁၀။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ မြစ်ရေကြီးပြီး ဘေးအန္တရာယ်ကျရောက်နိုင်သော အခြေအနေဖြစ်ပေါ်လာပါက မီဒီယာများ၏ကြေညာချက်ဖြင့်လည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ကြေညာချက်အရသော်လည်းကောင်း၊ ပြည်သူလူထုထံ အချိန်မီသတင်းပို့နိုင်ရေး စီမံထားရှိပြီးဖြစ်ပါသည်။ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေတွင်း/ရေကန်များမှ ရယူအသုံးပြုလျက်ရှိပြီး ရေရှားပါးမှုမဖြစ်စေရန်အတွက်ဓါတ်အားသုံးစနစ်ဖြင့် ဖြန့်ဝေနိုင်ရန်စီမံထားရှိခြင်း၊ ရေပေးဝေရာ၌ ချို့ယွင်းချက်များမရှိစေရေးအတွက် ရေတင်အရန်စက်များကြိုတင်ပြင်ဆင်ထားရှိခြင်း၊ လျှပ်စစ်ဓာတ်အားဖြတ်တောက်ပါက ရေသယ်ယာဉ်များဖြင့် ပေးဝေနိုင်ရေး အသင့်စီစဉ်ထားရှိပါသည်။ လျှပ်စစ်ဓါက်အားဖြင့် ရေဖြန့်ဝေနိုင်မှုမရှိသည့်ဒေသများ၌ လက်နှိပ်တုံကင်များ

တပ်ဆင်ပေးခြင်း၊ စက်တွင်းများတူးဖော်ပေးခြင်း၊ ရေလှောင်ကန်များထားရှိ၍ စနစ်တကျ ရေသိုလှောင်ထားရှိခြင်း၊ လက်တူးတွင်းများတူးဖော်ပေးခြင်း၊ ရေမနေသော မြေသားရေလှောင်ကန်များအား ပြုပြင်ပေးခြင်း၊ သဘာဝစိမ့်စမ်းများ မခမ်းခြောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၁၁။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဇလဗေဒဌာနခွဲသည် မြန်မာနိုင်ငံ၏ အဓိက မြစ်ကြီးများဖြစ်သော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ဒုဋ္ဌဝတီမြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်နှင့် ငဝန်မြစ်စသောမြစ်များတစ်လျှောက်ရှိ စခန်း (၃၄)စခန်းအတွက် နေ့စဉ်မြစ်ရေအခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။ ထို့ပြင်နှစ်စဉ်ရေနည်းကာလဖြစ်သော နိုဝင်ဘာလမှ ဧပြီလအတွင်း ဧရာဝတီမြစ်တစ်လျှောက်ရှိ မန္တလေးစခန်း၊ စစ်ကိုင်းစခန်း၊ ညောင်ဦးစခန်း၊ ချောက်စခန်း၊ မင်းဘူးစခန်းများနှင့် ချင်းတွင်းမြစ်ရှိ မုံရွာစခန်းများတွင် သက်ဆိုင်ရာစခန်းအသီးသီးအတွက် ကျဆင်းမည့်ကာလနှင့် ကျဆင်းနိုင်သည့်မြစ်ရေ အခြေအနေပေါ်မူတည်၍ ရေနည်းမှတ်အောက် ဆက်လက်တည်ရှိနိုင်ကြောင်း (သို့) အထက်သို့ပြန်လည်မြင့်တက်နိုင်ကြောင်းကို ရေနည်းမည့်အခြေအနေသတင်းများအနေဖြင့် ထုတ်ပြန်ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ရေနည်းကာလအတွင်း ခန့်မှန်းချက်ထုတ်ပြန်ပေးသော မြစ်ကြီး (၈)စင်း၌ရှိသော စခန်း (၃၄)စခန်းအတွက် နေ့စဉ်မြစ်ရေခန့်မှန်းချက်များ၊ ခန့်မှန်းချက်ထုတ်ပြန်ပေးသော စခန်းများအနက် ဧရာဝတီမြစ်တစ်လျှောက်ရှိစခန်း (၁၆)စခန်းနှင့် ချင်းတွင်းမြစ်တစ်လျှောက်ရှိစခန်း (၇)စခန်းများအတွက် (၁၀)ရက်ပတ်မြစ်ရေခန့်မှန်းချက်များနှင့် လပတ်မြစ်ရေအခြေအနေခန့်မှန်းချက်များအား ထုတ်ပြန်ပေးလျက်ရှိပါသည်။

၁၂။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် ရေထုတ်ယူသုံးစွဲမှုများမှာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် (၈၉%)၊ သုံးရေသုံးစွဲမှု (၈%)နှင့် စက်မှုလုပ်ငန်းသုံးစွဲမှု (၃%)ခန့်ရှိပါသည်။ ရေအရင်းအမြစ်များစီမံခန့်ခွဲမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရေလှောင်တမံစုစုပေါင်း (၂၃၅)ခုရှိသည့်အနက် (၂၁၈)ခုမှာ စိုက်ပျိုးရေအတွက်အသုံးပြုနိုင်ပြီး ရေလှောင်တမံ(၁၁)ခုမှာ သောက်သုံးရေအတွက် အသုံးပြုနိုင်ပါသည်။ ကျန်ရှိသည့် ရေလှောင်တမံ(၆)ခုမှာ သောက်သုံးရေနှင့် စိုက်ပျိုးရေ နှစ်မျိုးစလုံးအတွက် အသုံးပြုနိုင်

ပါသည်။ ထို့အပြင်မြန်မာနိုင်ငံ၏ မြေပေါ်ရေနှင့် မြေအောက်ရေ သယံဇာတတည်ရှိမှုများ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Sr. | River Basin Number | Name of Principal River Basin | Catchment area for each stretch (thousand sq.km) | Average estimated annual surface water (km3) | Estimated ground water Potential (km3) |
|---|---|---|---|---|---|
| 1 | I | Chindwin River | 115.30 | 141.293 | 57.578 |
| 2 | II | Upper Ayeyarwady River (up to its confluence with Chindwin) | 193.30 | 227.920 | 92.599 |
| 3 | III | Lower Ayeyarwady River (From confluence with Chindwin to its mouth) | 95.60 | 85.80 | 153.249 |
| 4 | IV | Sittoung River | 48.10 | 81.148 | 28.402 |
| 5 | V | Rivers in Rakhine State | 58.30 | 139.245 | 41.774 |
| 6 | VI | Rivers in Taninthari Division | 40.60 | 130.927 | 39.278 |
| 7 | VII | Thanlwin River(From Myanmar boundary To its mouth) | 158.00 | 257.918 | 74.779 |
| 8 | VIII | Mekong River(within Myanmar Territory) | 28.60 | 17.634 | 7.054 |
| Total | | | **737.80** | **1081.885** | **494.713** |

**ဇယား(၂) မြေအောက်ရေသယံဇာတ တည်ရှိမှု အခြေအနေ**

## ကျန်းမာရေးနှင့် အာဟာရကဏ္ဍ

၁၃။ အယ်လ်နီညိုဖြစ်စဉ်၏ ရာသီဥတုပူပြင်းမှုအကျိုးဆက်အဖြစ် အောက်ဖော်ပြပါ အပူဒဏ် အန္တရာယ်များကို ပြည်သူလူထုများ ခံစားရနိုင်ပါသည်။

- အပူဒဏ်ကြောင့် ကြွက်တက်ခြင်း (Heat Cramp)
- အပူဒဏ်ကြောင့် ပင်ပန်းနွမ်းလျှခြင်း (Heat Exhaustion)
- အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

၁၄။ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ကျန်းမာရေးအကျိုးဆက်များဖြစ်သည့် အပူဒဏ်အန္တရာယ်များနှင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများအား ပြည်သူများသိရှိနိုင်စေရန်နှင့် ကြိုတင်ကာကွယ်ရေး၊ အရေးပေါ်ကုသရေးနှင့် စောစီးစွာကုသမှုခံယူရေးတို့အား သိရှိလိုက်နာကျင့်သုံးကြစေရန် ကျန်းမာရေးအသိပညာပေးခြင်းအား အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည် -

- ကျန်းမာရေးဝန်ထမ်းများမှ ရပ်ကွက်/ကျေးရွာအတွင်း ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း
- ဆေးရုံဝန်ထမ်းများမှ လူနာနှင့် လူနာစောင့်များအား အသိပညာပေးပြောကြားခြင်း
- လက်ကမ်းစာစောင်ထုတ်ဝေဖြန့်ဖြူးခြင်း၊
- သတင်းစာ၊ ဂျာနယ်များတွင် သတိပေးနှိုးဆော်ချက်များထည့်သွင်းခြင်း၊
- ရုပ်မြင်သံကြား၊ ရေဒီယိုများမှတစ်ဆင့် သတိပေးနှိုးဆော်ချက်များ ထုတ်လွှင့်ပေးခြင်း၊
- နိုင်ငံတစ်ဝှမ်း၌ အပူဒဏ်အန္တရာယ်နှင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာဖြစ်ပွားမှုများနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှုများအား ပြည်သူများနှင့် သက်ဆိုင်ရာများ သိရှိနိုင်စေရန် လိုအပ်သည့်အခါမျိုးတွင် သတင်းထုတ်ပြန်ပေးခြင်း။

၁၅။ အပူဒဏ်အန္တရာယ်ခံစားရ၍ အရေးပေါ်ဆေးကုသမှုမပေးနိုင်ပါက အသက်ဆုံးရှုံးနိုင်ပါသည်။ အပူဒဏ်ကြောင့် လူ့အသက်သေဆုံးမှုမဖြစ်ပွားစေရန်နှင့် ကျန်းမာရေးပြဿနာများလျော့နည်းစေရန် အပူဒဏ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာအန္တရာယ်ကျရောက်နိုင်သည့်မြို့နယ်များ ကြိုတင်သတ်မှတ်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေကောင်းရေသန့်ရရှိရန်ဆေးခတ်ခြင်း၊ ကလေးများ၊ သက်ကြီးရွယ်အိုများအား ဦးစားပေးစောင့်ရှောက်မှု

ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ လူနာအုပ်စုများအား ပညာပေးခြင်းနှင့် နှစ်သိမ့်မှုပေးခြင်း၊ လိုအပ်ပါက ဆေးကုသမှုများ စီမံဆောင်ရွက်ထားရှိပါသည်။

၁၆။ ၂၀၁၅ ခုနှစ်၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ထုတ်ပြန်သည့် ညွှန်ကိန်းများအရ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အသက်(၅)နှစ်အောက်၊ ကြီးထွားဖွံ့ဖြိုးမှုနှေးကွေးသည့် ကလေးသူငယ်များနှင့် ကိုယ်အလေးချိန် မပြည့်မီသည့် ကလေးသူငယ်များ ရာခိုင်နှုန်းကို **ပုံ(၂)**နှင့် **ပုံ(၃)**ပါအတိုင်း တွေ့ရှိရပါသည်။

**တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အသက် (၅)နှစ်အောက် ကလေးသူငယ်များကိုယ်အလေးချိန်မပြည့်မီခြင်းနှင့် ကြီးထွားဖွံ့ဖြိုးမှုနှောင့်နှေးမှု ရာခိုင်နှုန်းပြ မြေပုံ**




*သတင်းအရင်းအမြစ်- FAO*

ပုံ(၂)

**တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အသက် (၅)နှစ်အောက် ကလေးသူငယ်များ ကြီးထွားဖွံ့ဖြိုးမှုနှောင့်နှေးမှု ပမာဏပြ မြေပုံ**




ပုံ(၃)

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကဏ္ဍ

### *မြို့ပြ မီးလောင်ကျွမ်းမှု လျော့ပါးရေးအစီအမံများ*

၁၇။ မီးလောင်မှုဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းများစွာရှိသည့်အနက် ပေါ့ဆခြင်းကြောင့် လောင်ကျွမ်းသော မီးလောင်မှုသည် အများဆုံးဖြစ်ပွားခဲ့ပြီး၊ မီးဖိုမီးမှ စတင်လောင်ကျွမ်းသော မီးလောင်မှုသည် ဒုတိယအများဆုံးဖြစ်ပွားခဲ့ကြောင်းနှင့် လျှပ်စစ်မှစတင်လောင်ကျွမ်းသော မီးလောင်မှုသည် တတိယအများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် နိုင်ငံတိုးတက်လာသည်နှင့်အမျှ လူနေအဆောက်အဦများ တိုးတက်များပြားလာခြင်း၊ စီမံကိန်း၊ မြို့ကွက်များ အသစ်တိုးချဲ့လာရာတွင် လူနေအဆောက်အဦများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ လူ့အသုံးအဆောင်ပစ္စည်းများပြားလာခြင်း၊ နေအိမ်များနီးကပ်စွာတည်ဆောက်ခြင်းနှင့် စနစ်ကျနမှုမရှိခြင်း၊ လူသွားလမ်းများ ကျဉ်းမြောင်းသဖြင့် မီးသတ်ယာဉ်များ ဝင်/ထွက်သွားလာရန်ခက်ခဲခြင်း၊ မီးငြိမ်းသတ်ရန် ရေရရှိမှု အစီအမံများ အားနည်းခြင်းကြောင့် မီးလောင်မှုကြီးများ ဖြစ်ပွားခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၈။ ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညို (El Nino) အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန် မီးသတ်ဦးစီးဌာနအနေဖြင့် အယ်လ်နီညို (El Nino) တုန့်ပြန်ရေးစီမံချက်အား တစ်နိုင်ငံလုံးစီမံချက်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မီးဘေးလုံခြုံရေးအတွက် ပြည်သူလူထုအသိပညာပေးခြင်းလုပ်ငန်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ရေလုံလောက်စွာရရှိရေးစီမံဆောင်ရွက်ခြင်း၊ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်စေခြင်း၊ တောမီးလောင်ကျွမ်းမှုမှတစ်ဆင့် နေအိမ်၊ အဆောက်အဦများသို့ လောင်ကျွမ်းမှုမရှိစေရေးအတွက် အသိပညာပေးဆွေးနွေးခြင်း၊ သစ်တောစိုက်ခင်းများအား စနစ်တကျထိန်းသိမ်းခြင်းများနှင့် သတင်းနှင့်နည်းပညာစီမံဆောင်ရွက်ထားရှိမှုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

## ပုံ(၁) ၂၀၁၆ခုနှစ်၊ မတ်လ(၁၄)ရက်နေ့အထိ မြန်မာနိုင်ငံတွင်း မီးလောင်ကျွမ်းသည့် နေရာများပြ မြေပုံ




*သတင်းအရင်းအမြစ် - သစ်တောဦးစီးဌာန*

၁၉။ သက်ဆိုင်ရာအစိုးရဌာနများအနေဖြင့် ဌာနတွင်း မိဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုအနေဖြင့် အခြေခံ ရုံးအဆောက်အအုံများနှင့် ရုံးပတ်ဝန်းကျင်အား စနစ်တကျရှင်းလင်းထားရှိရန်နှင့် လျှပ်စစ်မီးများအားစနစ်တကျ သုံးစွဲရန် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။ မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် မီးငြိမ်းသတ်ရေးအတွက် မီးသတ်ရေလုံလောက်စွာရရှိရန် မီးသတ်ရေကန်များ တူးဖော်ခြင်း၊ ရေဖြည့်တင်းခြင်း၊ ရေရရှိနိုင်သော နေရာများမှတ်သားခြင်းကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း (၉၃၉) ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

### *တောမီးလောင်ကျွမ်းမှု လျော့ပါးရေးအစီအမံများ*

၂၀။ သစ်တောဦးစီးဌာနသည် တောမီးလောင်ကျွမ်းမှုကာကွယ်ခြင်းကို အောက်ဖော်ပြပါဒေသများတွင် ဆောင်ရွက် ပေးလျက်ရှိပါသည်-

(က) သစ်တောလုပ်ငန်းများရှိသောနေရာများ

(ခ) သဘာဝတောများ

(ဂ) နယ်စပ်ဒေသရှိသစ်တောများ

၂၁။ တောမီးလောင်ကျွမ်းမှုဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအနေဖြင့် တောမီးဘေးအန္တရာယ် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ အရန်သင့်အစီအမံများအဖြစ် မီးလောင်ကျွမ်းမှု လျော့ပါး သက်သာရေးအတွက် ကြိုတင်ထိန်းချုပ်မီးလွှန်ခြင်းနှင့် မီးငြိမ်းသတ်ရေးအတွက် အရန်အင်အားစုများအဖြစ် ဖွဲ့စည်းထားခြင်း၊ တောမီးလောင်ကျွမ်းမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများအား သတင်းချိတ်ဆက် ဆောင်ရွက်ခြင်းနှင့် မီးဘေးကာကွယ်ရေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ပြည်သူများသို့ သတင်းအချက်အလက်နှင့် အသိပညာပေးမှုများ ဆောင်ရွက်ပေးခြင်း

၂၂။ ထို့အပြင် ဘေးအန္တရာယ်တုန့်ပြန်ဆောင်ရွက်မှုအနေဖြင့် ပြည်သူများသတိပြုလိုက်နာဆောင်ရွက်ရမည့် ကြိုတင်သတိပေးနှိုးဆော်ချက်များနှင့် ကြိုတင်ပြင်ဆင်ရန်အချက်များကို သဘာဝဘေးအန္တရာယ် စတင်ဖြစ် ပေါ်သည့် အချိန်မှစ၍ မိနစ် (၃၀) အတွင်း ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များမှ အမြန်ဆုံးထုတ်ပြန် နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒ

ညွှန်ကြားမှုဦးစီးဌာနတို့မှ ကြိုတင်ပေးပို့ထားရှိသည့် ကြိုတင်သတိပေးနှိုးဆော်ချက်၊ (TV / Radio Spot)များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြရန် ကြိုတင်ပြင်ဆင်ထားရှိပါသည်။

၂၃။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပြည်သူများဘေးအန္တရာယ်လျော့ပါးရေးအတွက် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရေဒီယိုအသံလွှင့်ဌာန၊ သတင်းစာ၊ ဂျာနယ်၊ စာစောင်များမှတစ်ဆင့် ထုတ်လွှင့်ကြေညာခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိပါသည်။ သက်ဆိုင်ရာအစိုးရဌာနအသီးသီးမှ အပူချိန်မြင့်မားမှုနှင့် သောက်သုံးရေပြတ်လပ်မှုများအတွက် ရှောင်ရန်/ဆောင်ရန်များကို အဆင့်အားလုံးသို့ အသိပေးဆောင်ရွက်လျက်ရှိပြီး အများပြည်သူ အသိပညာပေးလုပ် ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၄။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဖြစ်ပေါ်လာနိုင်သော ကပ်ရောဂါများ၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ လူကုန်ကူးမှုများအတွက်ကြိုတင်ပြင်ဆင်ရေး၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကူးစက်တတ်သောရောဂါများစသည့် သဘာဝဘေးအန္တရာယ် အမျိုးအစားပေါ်မူတည်၍ အသက်ဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်သဖြင့် ကျန်းမာရေးဆိုင်ရာ လှုံ့ဆော်မှု၊ သတိပေးမှုများကို ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အချိန်နှင့်တစ်ပြေးညီ လှုံ့ဆော်ပေးရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားပါသည်။

## ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း

၂၅။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအနေဖြင့် အယ်နီညိုဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျော့ပါးရေးအတွက် လိုအပ်သည့် အစီအမံများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအား ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်လျက်ရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ မူဝါဒလမ်းညွှန်မှုများခံယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရများ၊ အာဆီယံလူသားချင်းစာနာကူညီမှုဆိုင်ရာ ညှိနှိုင်းမှုဗဟိုဌာန၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဖြင့် ညှိနှိုင်းပေါင်းစပ်၍ မီးဘေးနှင့် သောက်သုံးရေရှားပါးမှုဘေးအန္တရယ်ကျရောက်နိုင်သည့်

ဒေသများတွင် အသိပညာပေးလုပ်ငန်းများအား ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရှိ သိုလှောင်ရုံများတွင် သောက်သုံးရေရှားပါးမှု အရေးပေါ်တုန့်ပြန်မှု အစီအမံများအဖြစ် ကယ်ဆယ်ရေးပစ္စည်းများ အရန်သင့်စုပုံထားခြင်းကို **နောက်ဆက်တွဲ (ခ) နှင့် (ဂ)** ပါအတိုင်း ဆောင်ရွက်ထားရှိပါသည်။

၂၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | ပြန်ကြားရေးဝန်ကြီးဌာန | - | ၀၆၇-၄၁၂၀၂၀ |
| (ခ) | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | - | ၀၆၇-၄၀၉၄၁၁ |
| (ဂ) | မီးသတ်ဦးစီးဌာန | - | ၀၆၇-၄၂၀၀၂၅ |
| (ဃ) | သစ်တောဦးစီးဌာန | - | ၀၆၇-၄၀၅၄၂၇ |
| (င) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | - | ၀၆၇-၄၁၂၄၂၂ |
| (စ) | ငါးလုပ်ငန်းဦးစီးဌာန | - | ၀၆၇-၄၁၈၅၃၇ |
| (ဆ) | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | - | ၀၆၇-၄၃၁၀၈၂ |
| (ဇ) | စိုက်ပျိုးရေးဦးစီးဌာန | - | ၀၆၇-၄၁၀၀၀၇ |
| (ဈ) | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန | - | ၀၆၇-၄၁၀၀၁၈ |
| (ည) | မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | - | ၀၆၇-၄၁၁၄၄၆ |
| (ဋ) | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန | - | ၀၆၇-၄၀၄၀၄၉ |

နောက်ဆက်တွဲ(က)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဆောင်ရွက်မည့် လုပ်ငန်း | | | | | | ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|
| | | တွင်းတိမ် | တွင်းနက် | လက်တူးတွင်း | ရေကန် | အုတ်ရေကန် | အခြားကန် | |
| ၁ | ရန်ကုန် | ၁၁ | ၄၀ | ၁၃ | ၆၁ | ၁၁ | - | ၉၄၂.၄ |
| ၂ | မန္တလေး | ၄၁၉ | - | - | - | - | - | ၁၃၅၈.၈၈၈ |
| ၃ | စစ်ကိုင်း | - | - | - | - | ၄၉ | - | ၁၁၀.၉၅၅ |
| ၄ | ဧရာဝတီ | ၂၂၂ | ၄၅၃ | ၁၃၂ | - | - | ၁၅၀ | ၄၉၃၁.၈၂၇ |
| ၅ | မကွေး | - | - | - | - | ၁၉ | - | ၅၆.၆ |
| ၆ | ပဲခူး | - | - | - | ၈၃ | - | - | ၂၂၇.၁၅၀၆၆၅ |
| ၇ | ရခိုင် | ၇၅ | ၁၅၃ | - | ၁၉၅ | ၉၂ | - | ၉၆၆.၆၅၈ |
| စုစုပေါင်း | | ၇၂၇ | ၆၄၆ | ၁၄၅ | ၃၃၉ | ၁၇၁ | ၁၅၀ | ၈၅၉၄.၄၇၈၆၆၅ |

နောက်ဆက်တွဲ(ခ)

## ရေရှားပါးမှုဘေးအန္တရာယ်အရေးပေါ်တုန့်ပြန်မှု အစီအမံများအနေဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ သိုလှောင်ရုံများတွင် Honda မီးစက်(၁၇၀)လုံးနှင့် Honda ရေစုပ်စက်(၁၀၀)လုံး ဖြန့်ခွဲမှုအခြေအနေ

| စဉ် | ဖြန့်ခွဲသည့်နေရာ | မီးစက် (Generator) | | | | Honda ရေစုပ်စက် |
|---|---|---|---|---|---|---|
| | | ဘေးသင့်ဒေသ ဖြန့်/ခွဲမှု | လူမှုဝန်ထမ်းဦးစီးဌာန | သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ | | |
| | | | | ပြည်နယ်/တိုင်းဒေသကြီး | ခရိုင် | |
| ၁ | ချင်းပြည်နယ် | ၁၅ လုံး | - | ၃ လုံး | - | ၅ လုံး |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၅ လုံး | - | ၃ လုံး | - | ၇ လုံး |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ၂၀ လုံး | - | ၃ လုံး | - | ၇ လုံး |
| ၄ | ရခိုင်ပြည်နယ် | ၂၈ လုံး | - | ၃ လုံး | - | ၇ လုံး |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၅ လုံး | - | ၃ လုံး | - | ၇ လုံး |
| ၆ | မကွေးတိုင်းဒေသကြီး | ၅ လုံး | - | ၃ လုံး | - | ၇ လုံး |
| ၇ | ကယားပြည်နယ် | - | - | ၃ လုံး | - | ၅ လုံး |
| ၈ | ကချင်ပြည်နယ် | - | - | ၃ လုံး | - | ၇ လုံး |
| ၉ | မွန်ပြည်နယ် | - | - | ၃ လုံး | - | ၇ လုံး |
| ၁၀ | ရှမ်းပြည်နယ် | - | - | ၃ လုံး | - | ၉ လုံး |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | - | - | ၃ လုံး | - | ၅ လုံး |
| ၁၂ | ကရင်ပြည်နယ် | - | - | ၃ လုံး | - | ၇ လုံး |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | - | - | ၃ လုံး | - | ၇ လုံး |
| ၁၄ | မန္တလေးတိုင်းဒေသကြီး | - | - | ၃ လုံး | - | ၇ လုံး |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၅ | နေပြည်တော် | - | - | - | - | ၁ လုံး |
| ၁၆ | ရှုံးချုပ်(အစရံ) | - | - | - | - | ၅ လုံး |
| ၁၇ | ခရိုင်များ | - | - | - | ၂၄ လုံး | - |
| ၁၈ | လူမှုဝန်ထမ်းဦးစီးဌာန | - | ၆ လုံး | - | - | - |
| | မီးစက်စုစုပေါင်း | ၉၈ လုံး | ၆ လုံး | ၄၂ လုံး | ၂၄ လုံး | - |
| | **စုစုပေါင်း** | ၁၇၀ လုံး | | | | ၁၀၀ လုံး |

နောက်ဆက်တွဲ(ဂ)

## တိုင်းဒေသကြီး/ပြည်နယ်များသို့ မိုးကာလိပ်နှင့် ရေပုံးများဖြန့်ဝေထားမှု

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မိုးကာလိပ် | ရေပုံး | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၈ | ၂၀၀ | |
| ၂ | မြစ်ကြီးနား | ၈ | ၂၅၀ | |
| ၃ | လွိုင်ကော် | ၈ | ၂၅၀ | |
| ၄ | ဘားအံ | ၈ | ၂၅၀ | |
| ၅ | ဟားခါး | ၈ | ၂၅၀ | |
| ၆ | မုံရွာ | ၈ | ၂၅၀ | |
| ၇ | ထားဝယ် | ၈ | ၂၅၀ | |
| ၈ | ပဲခူး | ၈ | ၂၅၀ | |
| ၉ | မကွေး | ၈ | ၂၅၀ | |
| ၁၀ | မော်လမြိုင် | ၈ | ၂၅၀ | |
| ၁၁ | စစ်တွေ | ၈ | ၂၅၀ | |
| ၁၂ | တောင်ကြီး | ၈ | ၂၅၀ | |
| ၁၃ | ပုသိမ် | ၈ | ၂၅၀ | |
| ၁၄ | ရန်ကုန် | ၁၀၀ | ၄၀၀ | |
| ၁၅ | မန္တလေး | ၉၅ | ၄၀၀ | |
| | **စုစုပေါင်း** | **၂၉၉** | **၄၀၀၀** | |